## နိုင်ငံတကာ အဝတ်အထည် ကုန်အမှတ်တံဆိပ်များနှင့် ပတ်သက်၍ ထုတ်ပြန်ချက်

ရက်စွဲ။ ၄ ရက် မတ်လ ၂၀၂၁

မြန်မာနိုင်ငံအထွေထွေအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FGWM)၏ အဖွဲ့ဝင် စက်ရုံအလုပ်သမားများမှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်နေကြသည့် ကမ္ဘာ့နာမည်ကြီး အဝတ်အထည် အမှတ်တံဆိပ် (ဘရန်း) များအတွက် အလုပ်လုပ်နေကြသူများဖြစ်သည်။ ကျွန်ုပ်တို့အလုပ်သမားများမှာ အဆိုပါနာမည်ကြီး ကုန်အမှတ်တံဆိပ်များအတွက် အောင်မြင်သည့်စီးပွားရေးလုပ်ငန်းများဖြစ်လာစေရန် နှစ်များစွာ တာဝန်ကျေပွန်စွာဖြင့် စက်ရုံများအတွင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုအချိန်မှာ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည့် ကာလတစ်ခုဖြစ်ကာ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတကာ ကုန်အမှတ်တံဆိပ်များအား ကျွန်ုပ်တို့၏ အခြေခံအခွင့်အရေးများနှင့် ကျွန်ုပ်တို့အနာဂတ်များအတွက် ခုခံတွန်းလှန်နေရသည့် ဤကာလတွင် ကျွန်ုပ်တို့အား ပံ့ပိုးကူညီရန် နှိုးဆော်လိုက်ပါသည်။

စစ်အာဏာသိမ်းခြင်းနှင့် ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြနေသူများအား စစ်တပ်မှ အကြမ်းဖက်ဖြိုခွဲခြင်းမှာ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးတို့အား ပြောင်းပြောင်းတင်းတင်းချိုးဖောက်ခြင်းဖြစ်ကြောင်း ကမ္ဘာတဝှမ်းမှ ရှုတ်ချကြပြီးဖြစ်သည်။ မြန်မာနိုင်ငံအထွေထွေအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (FGWM)မှာ မြန်မာ့ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများအတွက် ခုခံတော်လှန်သည့် ဤလူထုလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့ပြီး အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)တွင်လည်း အားသွန်ခွန်စိုက် ပါဝင်လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း အလုပ်ရှင်များမှာ ကျွန်ုပ်တို့၏ အခြေခံအခွင့်အရေးဖြစ်သည့် နိုင်ငံရေးအရ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်အား ထိပါးနှောက်ယှက်လျက်ရှိကာ ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းများအပြင် ဒီမိုကရေစီရေးလှုပ်ရှားမှုများတွင် ပါဝင်သည့်အတွက် အလုပ်မှထုတ်ပယ်ခြင်းများလည်း လုပ်ဆောင်လျက်ရှိသည်။

အဝတ်အထည် ကုန်အမှတ်တံဆိပ် (ဘရန်း) များမှာ ၎င်းတို့သက်ဆိုင်ရာ ကုန်ချောတင်ပို့သူများ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ဖိအားပေးနိုင်မှုရှိခြင်းကို ကျွန်ုပ်တို့ကိုယ်တိုင် ပါဝင်တွေ့ကြုံမှုများဖြင့် သိရှိခဲ့ရပြီးဖြစ်သည်။ **သို့ပါသောကြောင့် အဝတ်အထည် ကုန်အမှတ်တံဆိပ် (ဘရန်း)များအနေဖြင့် မြန်မာနိုင်ငံရှိ စက်ရုံများမှ မည်သည့်အလုပ်သမားမျှ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင်ပါဝင်သောကြောင့် အလုပ်ထုတ်ခံရခြင်း၊ စည်းကမ်းအသစ်ထုတ်၍ တင်းကျပ်ခံရခြင်း၊ ပုံစံအမျိုးမျိုးဖြင့် ဖိအားပေးခံရခြင်းတို့ မကြုံတွေ့ရရေး အများပြည်သူထံ ကြေညာချက်ထုတ်ပြန်ရန် ကျွန်ုပ်တို့မှ တိုက်တွန်းလိုက်သည်။**

လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် ကုန်အမှတ်တံဆိပ်(ဘရန်း)များ၏ အများပြည်သူထံ ကြေညာထားသော 'ကော်ပိုရိတ် လူမှုရေးရာ တာဝန်ခံမှု' တို့အား ချင့်ချိန်ကြည့်လျှင် နိုင်ငံတကာကုန်အမှတ်တံဆိပ်များအနေဖြင့် ကျွန်ုပ်တို့၏ နိုင်ငံရေးအရ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်အား ခုခံကာကွယ်နိုင်မည့် ဤသို့ လုပ်ဆောင်ခြင်းကိုသာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဤလုပ်ရပ်ကို လုပ်ဆောင်ရန် ငြင်းဆန်ပါက မြန်မာစစ်တပ် ကျူးလွန်သည့် ပြစ်မှုများ၊ မတရားမှုများအတွက် လက်ပိုက်ကြည့်နေသည်ဟု ကျွန်ုပ်တို့အနေဖြင့် မှတ်ယူပါသည်။ ဘရန်းများအနေဖြင့် ACT ၏ထုတ်ပြန်ချက်မှာ အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်သည့် မည်သည့်အလုပ်သမားကိုမှ အလုပ်မဖြုတ်ရန်တောင်းဆိုကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်း မတွေ့ရပါ။ ထို့ကြောင့် အလုပ်ရှင်များမှ အလုပ်သမားများအား အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်သည်ကို တားမြစ်မှုများ ချက်ချင်းရပ်တန့်ရန်၊ ရှင်းလင်းတိကျသည့် ကြေညာချက်ထုတ်ပြန်ခြင်းနှင့် လက်တွေ့အခြေအနေတွင်လည်း အမှန်တကယ် လုပ်ဆောင်ရန် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းလိုက်ပါသည်။

**မြန်မာနိုင်ငံ အထွေထွေအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်**

**Federation of General Workers Myanmar (FGWM)**